malaria consortium

disease control, better health




မြန်မာနိုင်ငံ၏ကျန်းမာရေးဂန်ထမ်းများမှသွေးလွန်တုပ်ကွေးဆိုင်ရာသင်တန်းတတ်ရောက်နေစဉ်

# စီမံချက် အကျဉ်းချုပ်

## မြန်မာနိုင်ငံတွင် ပြန်လည်မွမ်းမံထားသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လမ်းညွှန်အားထိရောက်စွာ စတင်ဖြန့်ဝေအသုံးပြုနိုင်ရန်အတွက် အထောက်အကူပေးခြင်း သုတေသနလုပ်ငန်း။

ဤသုတေသနလုပ်ငန်းသည် ပြန်လည်မွမ်းမံထားသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လမ်းညွှန် အား  မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများထံ စတင်ဖြန့်ဝေအသုံးပြုရာတွင် ထိရောက်သော နည်းလမ်း ရှာဖွေရန် ရည်ရွယ်ပါသည်။

## စီမံချက်အကြမ်းဖျင်းဖေါ်ပြချက်

သွေးလွန်တုပ်ကွေးရောဂါသည် ခြင်မှတဆင့်ကူးစက်သော ဗိုင်းရပ်(စ်)ရောဂါပိုးကြောင့်ဖြစ်ပွားပါသည်။ ဤရောဂါသည် တုပ်ကွေးကဲ့သို့သောရောဂါလက္ခဏာမျိုးကိုဖြစ်ပွားစေပြီး ဆိုးဝါးသောနောက်ဆက်တွဲ ဆိုးကျိုးဖြစ်သည့် ပြင်းထန်သော သွေးလွန်တုပ်ကွေးရောဂါအဆင့်သို့ပြောင်းလဲရောက်ရှိသွားနိုင်ပါသည်။အရှေ့တောင်အာရှနိုင်ငံများတွင်ဤသွေးလွန်တုပ်ကွေးရောဂါသည်ဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံးရောဂါတစ်ခုအဖြစ်တွေ့မြင်နေရပါသည်။သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ လတ်တလော ဆယ်စုနှစ်များ အတွင်း သိသိသာသာထူးကဲစွာများပြား လာသည်ကို တွေ့မြင်နေရပါသည်။

၂၀၁၅ခုနှစ်အတွင်းမြန်မာနိုင်ငံတွင်ဖြစ်ပွားမှုအမြင့်မားဆုံးအနေအထားကိုတွေ့မြင်ခဲ့ရပြီးဇန်နဝါရီလနှင့်စက်တင်ဘာလအတွင်း အတည်ပြုပြီးသောသေဆုံးမှု၁၂၀ဦးရှေရှိပါသည်။ သို့သော် ရောဂါဖြစ်ပွားမှု သတင်းအချက်အလက်ရရှိမှုနှင့် ရောဂါရှာဖွေစစ်ဆေးနိုင်မှုများအားနည်းနေနိုင်ခြင်းတို့အတွက်ကြောင့်သွေးလွန်တုပ်ကွေးရောဂါဖြင့်သေဆုံးမှုမှာပိုမိုများပြားနိုင်ပါသည်။ရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေးအတွက် ဗိုင်းရပ်(စ) ပိုးသယ်ဆောင်သော ခြင်များကို ထိရောက်စွာတိုက်ဖျက်ခြင်းနှင့် ရောဂါလက္ခဏာများကို ကုသမှုနှင့် စောင့်ရှောက်မှုအား စနစ်တကျ သေချာစွာဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါသည်။

ငှက်ဖျားပူးပေါင်း အဖွဲ့အစည်းသည် ကျန်းမာရေးဝန်ကြီးဌာန နှင့် ပူးပေါင်း၍ အမျိုးသား သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလမ်းညွှန်အား ပြန်လည်မွမ်းမံရန်အတွက် ဆောင်ရွက်လျက် ရှိပါသည်။ဤလမ်းညွှန်အသစ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးရရှိထားသော အကြံပြုချက်များ အား မှီငြမ်းကိုးကားထားခြင်း ဖြစ်ပါသဖြင့် ခေတ်အမီဆုံး သက်သေသာဓကများနှင့် လိုက်လျောညီထွေ ဖြစ်ပြီး စီမံချက်ဆောင်ရွက်ရာတွင် အသုံးချနိုင်မှု ပိုကောင်းမွန်စေပါသည်။

ပြည်သူလူထုအတွင်းသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသေဆုံးမှုလျော့ကျစေရန်ဤလမ်းညွှန်ကိုအကောင်အထည်ဖေါ်ဆောင်ရွက်မည့်ကျန်းမာရေးဝန်ထမ်းများအားသင်တန်းများပို့ချရန်လိုအပ်ပါသည်။ကျန်းမာရေးစံနစ်၏အောက်ခြေရှိကျန်းမာရေးဌာနများတွင်လုပ်ကိုင်ဆောင်ရွက်နေသောကျန်းမာရေးဝန်ထမ်းများသည်သင်တန်းရရှိမှုအခွင့်အလမ်းများကန့်သတ်ချက်ရှိနိုင်ပါသည်။ ထို့ကြောင့် သင်းတန်း ပို့ချမှု နည်းလမ်းများ ထိရောက်မှုရှိရန် အရေးကြီးပါသည်။ သို့မှသာ ကျန်းမာရေးဝန်ထမ်းများ၏ ဗဟုသုတ နှင့် လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာပါမည်။ ထို့ပြင် သင်တန်းပို့ချမှုစွမ်းရည် မြင့်မှသာ ကျန်းမာရေး ဝန်ထမ်းများမှ ကောင်းမွန်စွာလိုက်နာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

### နိုင်ငံအမည်

မြန်မာနိုင်ငံ

### ထောက်ပံ့သည့်အဖွဲ့အစည်း

ဗြိတိနအစိုးရ ၏ အထောက်အပံ့

### စီမံချက်ကာလ

၂၀၁၆ ခုနှစ် ဧပြီလ မှ ဒီဇင်ဘာလ

### မိတ်ဖက်အဖွဲ့အစည်းများ

နပ်ဖီး(လ်) အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး စင်တာ၊ လီဒ်(စ်)တက္ကသိုလ်၊ယူကေ။

## သုတေသနလုပ်ဆောင်ချက်

**ဤသုတေသနလုပ်ငန်းသည် ပြန်လည်မွမ်းမံထားသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်း**ရေးဆိုင်ရာလမ်းညွှန်အားကျန်းမာရေးဝန်ထမ်းများထံဖြန့်ဝေမှုနည်းလမ်း(၂)သွယ်ဖြင့် နှိုင်းယှဉ်သည့် ဆန်းစစ်မှု လုပ်ငန်း ဖြစ်ပါသည်။

» နည်းလမ်း (၁) သမရိုးကျသင်ကြားနည်းအားအသုံးပြုခြင်းဖြစ်ပါသည်။ အခြေခံကျသောသင်ကြားမှု၊ဆရာမှဦးဆောင်၍သင်ခန်းစာများကို ဖတ်ရှုရှင်းလင်းပြခြင်း။

» နည်းလမ်း (၂) ဘက်စုံသင်ကြားနည်းအားအသုံးပြုခြင်းဖြစ်ပါသည်။ အရွယ်ရောက်ပြီး သူများသင်ယူမှု နည်းစံနစ်များနှင့် အပြန်အလှန် မေးမြန်းဆွေးနွေးသော လေ့ကျင့်ခန်းများ (ဥပမာ- သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင်ဖြစ်ပွား မှုအား ဆင်တူအောင်ဖန်တီးခြင်း) အသုံးပြုနည်းများ။

ဤသုတေသနလုပ်ငန်းအား သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များသော တိုင်းဒေသကြီး (သို့) ပြည်နယ် (၂) ခု မှ မြို့နယ် (၄) ခု တွင် ဆောင်ရွက်ပါမည်။ တိုင်းဒေသကြီး (သို့) ပြည်နယ်(၁)ခု၏မြို့နယ်(၁)ခုမှကျန်းမာရေးဝန်ထမ်းများအား သမရိုးကျသင်ကြားနည်းအား အသုံးပြုပြီးအခြားမြို့နယ်မှကျန်းမာရေးဝန်ထမ်းများကိုဘက်စုံသင်ကြားနည်းဖြင့်ပို့ချမည် ဖြစ်ပါသည်။သင်တန်းသို့ကျန်းမာရေးဂန်ထမ်း(၁၆၀)ခန့်တက်ရောက်မည်ဟုခန့်မှန်းရပါသည်။

## သုတေသနဆန်းစစ်မှု

ဤသုတေသနလုပ်ငန်းသည် သင်ကြားနည်း (၂) ရပ်တို့၏ အောက်ဖေါ်ပြပါတို့အပေါ် အကျိုးသက်ရောက်မှု အား လေ့လာဆန်းစစ်ပါမည်။

**(၁) ကျန်းမာရေးဝန်ထမ်းများ၏ ဗဟုသုတ နှင့် လုပ်ငန်းစွမ်းဆောင်ရည်**

ကျန်းမာရေးဝန်ထမ်းများ၏ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆိုင်ရာ ဗဟုသုတ ကို တခုမကအဖြေရွေးချယ်နိုင်သော မေးခွန်းပုံစံကို အသုံးပြုထား သော မေးခွန်းများ အားဖြေဆိုစေခြင်းဖြင့် ဆန်းစစ်ပါမည်။ ကျန်းမာရေးဝန်ထမ်းများ၏ ဗဟုသုတများကို နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် လက်တွေ့ အသုံးချနေပုံများကို လုပ်ငန်း စွမ်းဆောင်ရည်ဆန်းစစ်မှု ဆိုင်ရာလေ့ကျင့်ခန်းများ အသုံးပြု၍ ဆန်းစစ်ပါမည်။

**(၂) ကျန်းမာရေးဝန်ထမ်းများ၏ သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင်ဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြင်ဆင်ထားမှု**

သင်တန်း ပို့ချပြီး ၁လ မှ ၂လအတွင်း မြို့နယ် (၄) ခုရှိ ကျန်းမာရေးဌာနများတွင် သွေးလွန်တုပ်ကွေးကပ်ရောဂါအသွင်ဖြစ်ပွားမှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြင်ဆင် ထားမှုအား ဆန်းစစ်ပါမည်။

(ဆန်း စစ်တိုင်းတာရန် ရည်ညွှန်းကိန်း အဖြစ်အရေးပေါ် လုပ်ငန်းစဉ် စီမံချက်ရှိ၊ မရှိကြည့်ခြင်း၊ ကျန်းမာရေး ဌာန နှင့် ဆေးရုံများတွင် သွေးလွန်တုပ်ကွေးရောဂါ စစ်ဆေးရန် ဓာတ်ခွဲခန်းသုံးပစ္စည်းများရှိ၊ မရှိကြည့်ခြင်း။)

**(၃) ကျန်းမာရေးဌာနများ၏ သွေးလွန်တုပ်ကွေးအချက်အလက်များ မှတ်တမ်းတင်မှု အလေ့အကျင့်များ**

အချက်အလက်မှတ်တမ်းများအချိန်မီရရှိခြင်း နှင့် ပြည့်စုံစွာရရှိခြင်းအခြေအနေအား ကျေးလက်ကျန်းမာရေး ဌာနများမှ မြို့နယ်ကျန်းမာရေး ဦးစီးဌာနသို့ ပေးပို့သော အစီရင်ခံစာများကို ခွဲခြမ်းစိတ်ဖြာကြည့်ခြင်းဖြင့်ဆန်းစစ်ပါမည်။ ဤသုတေသနတွင် သင်တန်းပို့ချခြင်း၏ အကျိုးရလဒ်များကို ဆန်းစစ်ခြင်းအပြင် ဖြစ်စဉ်ဆန်းစစ်ခြင်း တနည်းအားဖြင့်သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း မည်ကဲ့သို့ အကောင်အထည် ဖေါ်ဆောင်သည်၊ မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည် တို့ကိုလည်း ဆန်းစစ်ပါမည်။



*သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်သော အေးဒီးစ်အီဂျစ်တိုင်းခြင်*
*ဓါတ်ပုံ-မိုဟာမက် မာဒီကာရင်*

## သုတေသနရည်မှန်းချက်များနှင့်ရလဒ်များ

ဤသုတေသနလုပ်ငန်းသည် ပြန်လည်မွမ်းမံထားသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆိုင်ရာ လမ်းညွှန်အား ကျန်းမာရေးဝန်ထမ်းများ ထံဖြန့်ဝေရာတွင် ထိရောက်မှု နှင့် အရည်အချင်း ပြည့်ဝသောသင်ကြားပို့ချမှုနည်းလမ်းများဖေါ်ထုတ် ပေးနိုင်မည်ဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး တိုးတက်မှုအတွက် ထောက်ပံ့ ပေးနိုင်မည်ဖြစ်သည်။ အထူးသဖြင့် အောက်ခြေအဆင့်ရှိ ကျန်းမာရေး စံနစ်တွင် အချက်အလက်မှတ်တမ်းများ အချိန်မီရရှိခြင်း နှင့် ပြည့်စုံစွာရရှိခြင်းတို့ကို ဖြစ်ပေါ်စေပြီး သွေးလွန်တုပ်ကွေးကပ် ရောဂါအသွင်ဖြစ်ပွားခြင်းကြိုတင်ပြင်ဆင်မှု ကိုလည်းတိုးတက်စေပါမည်။ ဤသုတေသနလုပ်ငန်းမှတွေ့ရှိချက်များသည် အရင်းအမြစ်များကန့်သတ်ချက်ရှိသည့် အခြေအနေမျိုးတွင်လုပ်ကိုင်ဆောင်ရွက် နေသည့် ကျန်းမာရေးဝန်ထမ်းများထံ အခြားလမ်းညွှန်များ ဖြန့်ဝေရာတွင် လည်း အထောက်အကူပြုနိုင်ပါသည်။

ဤသုတေသနလုပ်ငန်းသည် နပ်ဖီး(လ်)အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး နှင့် ဖွံ့ဖြိုးရေးစင်တာ၊ လီဒ်(စ်) တက္ကသိုလ်၊ ယူကေ မှ ဦးစီးသော သုတေသနစီမံကိန်း လုပ်ငန်းစုဖြစ်သည့်COMDIS-HSDမှပူးပေါင်းဆောင်ရွက်ပါသည်။အချက်အလက် အသေးစိတ်သိရှိလိုပါကဒေါက်တာအောင်နိုင်ချို a.ncho@malariaconsortium.org သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**www.malariaconsortium.org/projects/comdis-hsd**

ဤသုတေသနလုပ်ငန်းမှ အထောက်အကူပြုသော လုပ်ငန်းများ။

- လျစ်လျူရှုခံရသော အပူပိုင်းဒေသဆိုင်ရာရောဂါများ ကာကွယ်နှိမ်နင်းရေး
- ကျန်းမာရေးစံနစ်နှင့်ဝန်ဆောင်မှုပေးအပ်ခြင်း
- သုတေသနလုပ်ငန်း

**Malaria Consortium**
*Development House 56-64 Leonard Street,*
*London EC2A 4LT, United Kingdom*
*info@malariaconsortium.org / www.malariaconsortium.org*
*UK Registered Charity No: 1099776*

**Malaria Consortium Regional Office for Asia**
*Room 805, Faculty of Tropical Medicine, Mahidol University*
*420/6 Rajavidhi Road, Bangkok 10400, Thailand*
*Tel. +66 (0)2 354-5628 Fax. +66 (0)2 354-5629*

malaria consortium
*disease control, better health*